# ပရီမီယံတစ်ကြိမ်ပေးချေးငွေအသက်အာမခံ

ငွေချေးယူသူတစ်ဦးအနေဖြင့် သေဆုံးခြင်း ၊ ထာဝစဉ်မသန်စွမ်း ဖြစ်ခြင်းတို့ကြောင့် ချေးယူထားသော ငွေကို ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိမှုများအတွက် အကာအကွယ်ပေးသော အာမခံအမျိုးအစားဖြစ်ပါသည်။

| | | |
|---|---|---|
| အာမခံထားနိုင်သူ | - | အသက် (၁၈) နှစ်မှ (၆၂) နှစ် အတွင်းရှိသူများ။ |
| အာမခံသက်တမ်း | - | (၃) နှစ်မှ (၁၅)နှစ် အထိ ။ |
| အာမခံထားငွေ | - | အနည်းဆုံး ကျပ် (၁၀) သိန်း မှ အများဆုံး ကျပ်သန်း (၃၀၀)။ |
| ပရီမီယံနှုန်း | - | အာမခံထားသူ၏အသက် ၊ အာမခံထားငွေပေါ်မူတည်၍ အာမခံထားသည့် သက်တမ်းအလိုက် ပရီမီယံနှုန်းအား တွက်ချက်ပေးရမည် ဖြစ်ပါသည်။ |

* ပရီမီယံတစ်ကြိမ်ပေးချေးငွေ အသက်အာမခံထားမည့်သူများ ကျန်းမာရေးစစ်ဆေးရမည်ဖြစ်ပါသည်။*

**ပရီမီယံတစ်ကြိမ်ပေးချေးငွေအသက်အာမခံထားခြင်းဖြင့်ရရှိနိုင်သောအကျိုးခံစားခွင့်များ**

(၁) မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ငွေချေးယူသူ သေဆုံး/ထာဝစဉ်မသန်စွမ်း ဖြစ်ခဲ့လျှင် ငွေချေးသည့် ဘဏ်/ငွေရေးကြေးရေး အဖွဲ့အစည်းမှ ချေးငွေ ပြန်လည်ရရှိခြင်း ။

(၂) မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ငွေချေးယူသူ သေဆုံး/ထာဝစဉ်မသန်စွမ်း ဖြစ်ခဲ့လျှင် ၎င်း၏ မိသားစုအနေဖြင့် အရစ်ကျဝယ်ယူထားသောပိုင်ဆိုင်မှုအတွက် ဆက်လက်ပေးဆပ်ရန် ပူစရာမလိုခြင်း။

(၃) ပေးသွင်းသည့် ပရီမီယံပေါ်တွင် ဝင်ငွေခွန်သက်သာခွင့်ရှိခြင်း ။

**အကျိုးခံစားခွင့်မရရှိနိုင်သည့်ကိစ္စများ**

(၁) အာမခံထားသူသည် အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိ ကိုယ်ကို သတ်သေခြင်း ကြောင့် သေဆုံးခဲ့လျှင် "သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit) " အား ရခွင့်မရှိပါ။ အမ်းငွေကိုသာ ပေါ်လီစီရှင်ထံသို့ ထုတ်ပေးမည်ဖြစ်ပါသည်။

(၂) အာမခံထားသူတစ်ဦးသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း ထာဝစဉ်မသန်စွမ်း ဖြစ်ခဲ့လျှင် "ထာဝစဉ်မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့် (Total Permanent Disability Benefit)" အား ရရှိခွင့်မရှိပါ။ အမ်းငွေကိုသာ ပေါ်လီစီရှင်ထံသို့ ထုတ်ပေးမည်ဖြစ်ပါသည်။

(က) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင် လုပ်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ် မသန်စွမ်းဖြစ်ခြင်း။

(ခ) မိမိကိုယ်ကို သတ်သေခြင်းကြောင့် မသေဘဲ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

**အာမခံထားရှိလိုပါက**

FNI (Life) ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း၊ FNI (Life) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံကိုယ်စားလှယ်များသို့ လည်းကောင်း ဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။